The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၅)၊ အမှတ် (၆)၊ ဒီဇင်ဘာလ ၂၅၊ ၂၀၁၇ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ဓာတ်အားသုံးစွဲမှု မြင့်တက်လာသဖြင့် သံဖြူဇရပ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်



နိုဝင်ဘာ ၁၀၊ ၂၀၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီတာပုံးလျှောက်ထားမှုများ များပြားလာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာသဖြင့် ဌာနေလျှပ်စစ်ဌာနက လုံလောက်သော လျှပ်စစ်ဓာတ်အားများကို မဖြန့်ဖြူးပေးနိုင်သောကြောင့် ဓာတ်အားပြတ်တောက်မှုများ

▲ စာမျက်နှာ ၂ သို့

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူကို သက်ညှာစွာ စီရင်သဖြင့် နစ်နာသူမိသားစုဝင်များက မကျေနပ်



နိုဝင်ဘာ ၂၇၊ ၂၀၁၇

အသက် (၃) နှစ်အရွယ် မိန်းကလေးငယ်အား လိင်အကြမ်းဖက်ခဲ့သော ကျူးလွန်သူကို မော်လမြိုင်ခရိုင်တရားရုံးက မုဒိမ်းမှုနှင့် မုဒိမ်းမှုကျူးလွန်ရန် အားထုတ်ခြင်းအတွက် ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သဖြင့် နစ်နာသူမိသားစုဝင်များက ကျေနပ်ခြင်းမရှိကြောင်း သိရသည်။ ၎င်းပြင် ထောင်ဒဏ် အနှစ် (၂၀) အထိ ချမှတ်နိုင်သော မုဒိမ်းမှုအတွက် ထောင်ဒဏ် (၁၀) နှစ်သာ ချမှတ်ခဲ့သည့်အတွက် အဆိုပါတရားရုံး၏ တရားဥပဒေစိုးမိုးရေးကို တက်ကြွလှုပ်ရှားသူများက မေးခွန်းထုတ်ခဲ့သည်။

▲ စာမျက်နှာ ၆ သို့

# ပွဲစားများကြောင့် နိုင်ငံကူးလက်မှတ်လျှောက်ထားသူများ ကုန်ကျမှုများ

နိုဝင်ဘာ ၁၊ ၂၀၁၇

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ ရုံးခွဲ(မော်လမြိုင်)တွင် နိုင်ငံကူးလက်မှတ်များ လျှောက်ထားရာတွင် ကျပ် (၂၆၀၀၀) မှ ကျပ် (၂၀၀၀၀၀) အထိ ကုန်ကျလျက်ရှိကြောင်း လျှောက်ထားသူများ၏ ပြောကြားချက်အရ သိရှိရသည်။



▲စာမျက်နှာ ၃ သို့

# ကျောက်မီးသွေးတန့်ကွက်မှုနှင့် ပတ်သက်သော လူထုတွေ့ဆုံပွဲတစ်ခုကို မော်လမြိုင်ဘီလပ်မြေကုမ္ပဏီက ပြုလုပ်ခဲ့



နိုဝင်ဘာ ၅၊ ၂၀၁၇

၂၀၁၇ နိုဝင်ဘာလ (၅) ရက်နေ့တွင် မော်လမြိုင် ဘီလပ်မြေကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကျိုက်မရောမြို့နယ် ပျားတောင်ဒေသရှိ မော်လမြိုင်ဘီလပ်မြေစက်ရုံက ကျောက်မီးသွေးအ

▲ စာမျက်နှာ ၄ သို့

ကျောက်မီးသွေးသုံးစွဲမည်ကို စိုးရိမ်သဖြင့် လျှပ်စစ်မီးရရှိမည့်အခွင့်အရေးကို ဒေသခံများ လက်လွှတ် စာ-၇
ကျောက်မိုင်းများကြောင့် ပျက်စီးမှုနှင့် ချိုးဖောက်မှုများ ခံစားနေရကြောင်း ဒေသခံများက ပြောဆို စာ-၈
လယ်ယာမြေကို ကျူးမ မရှေးလုပ်ကိုင်ခွင့်ပြုထားသည်ဟုဆိုသော်လည်း စာ-၁၀
ကျောက်မီးသွေးစီမံကိန်းကြောင့် ဒေသခံပြည်သူများ ခြိမ်းခြောက်ခံနေရ စာ-၁၂

▲ စာမျက်နှာ – ၁ မှ အဆက်

# ဓာတ်အားသုံးစွဲမှု မြင့်တက်လာသဖြင့် သံဖြူဇရပ်မြို့နယ်တွင် လျှပ်စစ်ဓာတ်အား မကြာခဏ ပြတ်တောက်




နိုဝင်ဘာ ၁၀၊ ၂၀၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီတာပုံး လျှောက်ထားမှုများ များပြားလာခြင်းနှင့်အတူ လျှပ်စစ်ဓာတ်အားသုံးစွဲမှု မြင့်တက်လာသဖြင့် ဌာနေလျှပ်စစ်ဌာနက လုံလောက်သော လျှပ်စစ်ဓာတ်အားများကို မဖြန့်ဖြူးပေးနိုင်သောကြောင့် ဓာတ်အားပြတ်တောက်မှုများ မကြာခဏ ဖြစ်ပွားနေသည့်အပြင် လျှပ်စစ်ဌာနက ပေးဝေသော ဓာတ်အားများသည် ဗို့အားလျော့နည်းလျက်ရှိသဖြင့် သုံးစွဲရာတွင် အဆင်မပြေမှုများ ရှိနေကြောင်းလည်း ဒေသခံတို့က ပြောပါသည်။

သံဖြူဇရပ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ အရာရှိတစ်ဦး၏ ပြောကြားချက်အရ လျှပ်စစ်ဓာတ်အားကို ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်းမရှိသဖြင့် လျှပ်စစ်သုံးစွဲခွင့် ရရှိရန် လျှပ်စစ်မီတာပုံး လျှောက်ထားမှုအသစ်များကို ၎င်းတို့ဌာနက တားမြစ်ထားကြောင်း ပြောပြပါသည်။

'မီတာပုံးအသစ်တွေ တပ်တာကို ကျွန်တော်တို့က ခွင့်မပြုတော့ပါဘူး။ လျှပ်စစ်ဓာတ်အား မလုံလောက်တဲ့အတွက်ကြောင့် မီတာပုံးအသစ် လျှောက်ထားသူတွေကို ခွင့်မပြုတော့တာ (၄) လလောက်ရှိပါပြီ' ဟု ၎င်းအရာရှိက ပြောပါသည်။

သံဖြူဇရပ်ဓာတ်အားဖြန့်ဖြူးရေးဌာနက လျှပ်စစ်ဓာတ်အား (၃၃၀၀၀) ကီလိုဗို့ ဖြန့်ဖြူးပေးလျက်ရှိပြီး အဆိုပါဓာတ်အားများကို ကျိုက်ခမီ၊ ပင်နှင့် ဝယ်သွန်ချောင်းသို့ အညီအမျှ ခွဲဝေပေးလျက်ရှိသည်။

'ဗို့အားကျတာနဲ့ မီးက အလိုလိုပျက်သွားတော့တာပဲ။ ကျွန်တော်တို့က မီးဖြတ်လိုက်လို့ မီးပျက်သွားတာ မဟုတ်ဘူး။ ဗို့အားတအားကျသွားလို့ မီးပျက်သွားတာ။ လျှပ်စစ်သုံးစွဲမှုက တစ်နေ့ထက်တစ်နေ့ ပိုပိုများလာတယ်။ ဒါပေမယ့် ကျွန်တော်တို့က ပိုထုတ်မပေးနိုင်ဘူး။ အဲတော့ စက်ကတောင်းသမျှဓာတ်အားပမာဏကို ထုတ်မပေးနိုင်တော့ ဗို့အားကျပြီး မီးပျက်တော့တာပဲ' ဟု ၎င်းက ဆက်ပြောပါသည်။

လက်ရှိထုတ်လုပ်နေသော ပမာဏထက် နှစ်ဆပိုမိုထုတ်လုပ်နိုင်မည့် ဓာတ်အားဖြန့်ဖြူးစက်တစ်ခုကို သံဖြူဇရပ် လျှပ်စစ်ဌာနက တည်ဆောက်ရန် စီစဉ်နေပြီး အဆိုပါ တည်ဆောက်မှု ပြီးစီးပါက လျှပ်စစ်မီး ပြတ်တောက်မှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည် ဖြစ်သည်။

'အခုဆို ဌာနကနေပြီးတော့ ဂျင်နရေတာအသစ်တစ်လုံး ထိုင်ဖို့ လုပ်နေတယ်။ ဘယ်တော့ပြီးမယ်လို့တော့ ပြောလို့မရဘူး။ အရင်ကဆို သံဖြူဇရပ်မှာ ဓာတ်အားမလုံလောက်ရင် မုဒုံကို လှမ်းတောင်းရတယ်။ ရွာတွေအတော်များများကလည်း လျှပ်စစ်မီးတွေ သုံးလာကြပြီဆိုတော့ ဗို့အားတွေက ကျ ကျနေတယ်' ဟု အဆိုပါအရာရှိက ဆက်ပြောပါသည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုနှင့် သုံးစွဲမှု မညီမျှသဖြင့် သံဖြူဇရပ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးဌာနက လျှပ်စစ်ဓာတ်အားကို (၁၃၀) နှင့် (၁၅၀) အကြားတွင်သာ ပေးဝေနိုင်သည်။ တစ်ခါတရံ ဗို့အား (၁၀၀) အထိ ကျဆင်းသွားသည်များလည်းရှိကြောင်း ဒေသခံများက ပြောပါသည်။ လုံလောက်သော လျှပ်စစ်ဓာတ်အားဖြစ်သည့် (၂၂၀) ဗို့အထိ သုံးစွဲနိုင်ရန်အတွက် အိမ်တိုင်းနီးပါး အင်ဗာတာများ တပ်ဆင်ထားရကြောင်း သိရသည်။

▲ စာမျက်နှာ – ၁ မှ အဆက်

# ပွဲစားများကြောင့် နိုင်ငံကူးလက်မှတ်လျှောက်ထားသူများ ကုန်ကျမှုများ




နိုဝင်ဘာ ၁၊ ၂၀၁၇

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ ရုံးခွဲ(မော်လမြိုင်)တွင် နိုင်ငံကူးလက်မှတ်များ လျှောက်ထားရာတွင် ကျပ် (၂၆၀၀၀) မှ ကျပ် (၂၀၀၀၀၀) အထိ ကုန်ကျလျက် ရှိကြောင်း လျှောက်ထားသူများ၏ ပြောကြားချက်အရ သိရှိရသည်။

'တကယ်တော့ ပတ်စပို့ရုံးက စာအုပ်တစ်အုပ်အတွက် ၂၁၀၀၀ ပဲ တောင်းတာ။ အဲပိုက်ဆံကို ကိုယ့်ရှေ့မှာပဲ ဘဏ်အကောင့်ထဲကို လွှဲထည့်လိုက်တာ။ နောက်တော့ မိတ္တူဆွဲ ဘာညာ ပိုက်ဆံနည်းနည်း ထပ်ကုန်တယ်။ ဓာတ်ပုံရိုက်တာရော အကုန်အပြီးအစီးအတွက် ၂၆၀၀၀ ပဲ ကုန်တယ်။ ပွဲစားကတစ်ဆင့် လျှောက်မယ်ဆိုရင်တော့ နှစ်ရက်ကြာမယ်၊ နှစ်သိန်းတော့ ပေးရမယ်' ဟု သံဖြူဇရပ်က နိုင်ငံကူးလက်မှတ် လျှောက်ထားသူတစ်ဦးဖြစ်သူ နိုင်ချမ်းမွန်က ပြောပါသည်။

နိုင်ငံကူးလက်မှတ် လျှောက်ထားသူ များပြားလွန်းသဖြင့် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ ရုံးခွဲ (မော်လမြိုင်)အနေဖြင့် နံနက် (၉) နာရီမှ ည (၉) နာရီ (၁၀) နာရီအထိ အလုပ် လုပ်နေရပြီး နိုင်ငံကူးလက်မှတ် အချိန်မီ ထုတ်ပေးနိုင်ရန်အတွက် တစ်ခါတရံ ည (၁) နာရီတိုင်အောင် အလုပ်လုပ်ရသည်များလည်း ရှိသည်ဟု သိရသည်။

'ဝန်ထမ်းတွေက နေ့တိုင်း နောက်ကျတဲ့အထိ အလုပ်လုပ်နေရတယ်လို့ ပြောတယ်။ ပွဲစားနဲ့လျှောက်သူတွေကတော့ (၆) သောင်းနဲ့ (၇) သောင်းကြားပေးရတယ်။ ကိုယ်ဘယ်လို စျေးညှိနိုင်သလဲဆိုတဲ့အပေါ် မူတည်တယ်။ ဒါပေမယ့် အလျင်လိုရင်တော့ ပွဲစားကို သုံးရမှာပဲ။ နှစ်သိန်းလောက်တော့ သုံးရမယ်' ဟု နိုင်ချမ်းမွန်က ဆက်ပြောပါသည်။

သာမန်အားဖြင့် နိုင်ငံကူး လက်မှတ်လျှောက်ထားခြင်းသည် (၁၀) ခန့်ကြာမြင့်တတ်သော်လည်း ပွဲစားများမှတဆင့် လျှောက်ထားပါက ပိုမိုမြန်ဆန်ကြောင်း သိရသည်။ ပွဲစားကို အသုံးပြုပါက ၎င်းတို့သည် နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးမှ ဝန်ထမ်းများနှင့် နားလည်မှုရယူထားသဖြင့် ပွဲစားမှတဆင့် လျှောက်ထားသူများသည် သာမန်လျှောက်ထားသူထက် အခွင့်အရေး ပိုမိုရရှိသည်။

'ပွဲစားတွေကို လက်မခံဘူးလို့ ပတ်စပို့ရုံးထဲမှာ ဆိုင်းဘုတ်တွေ တပ်ထားပေမယ့် ပွဲစားတွေကတော့ ရုံးထဲမှာ ပေါ်တင်ပဲ လူရှာနေတာပဲ။ လာလျှောက်တဲ့ လူတစ်ယောက် ဝင်လာပြီဆိုရင် အကုန်ပြုံသွားပြီးတော့ သူနဲ့လျှောက်ပါ ငါနဲ့လျှောက်ပါ လိုက်ပြောနေကြတယ်။ တော်တော်စိတ်အနှောင့်အယှက်ဖြစ်ရတယ်' ဟု နိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူတစ်ဦးဖြစ်သူ နိုင်ဆုက ပြောပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးဖြေလျှော့မှုအချို့ ပြုလုပ်ပြီး နှစ်အနည်းငယ်အတွင်း နိုင်ငံကူးလက်မှတ် လျှောက်ထားသူများ တစ်ဟုန်ထိုးမြင့်တက်လျက်ရှိကြောင်း သိရသည်။

ပွဲစားတွေကို လက်မခံဘူးလို့
ပတ်စပို့ရုံးထဲမှာ
ဆိုင်းဘုတ်တွေ တပ်ထား
ပေမယ့် ပွဲစားတွေကတော့
ရုံးထဲမှာ ပေါ်တင်ပဲ
လူရှာနေတာပဲ

▲ စာမျက်နှာ – ၁ မှ အဆက်

# ကျောက်မီးသွေးကန့်ကွက်မှုနှင့်ပတ်သက်သော လူထုတွေ့ဆုံပွဲတစ်ခုကို မော်လမြိုင်ဘိလပ်မြေကုမ္ပဏီက ပြုလုပ်ခဲ့



နိုဝင်ဘာ ၅၊ ၂၀၁၇

၂၀၁၇ နိုဝင်ဘာလ (၅) ရက်နေ့တွင် မော်လမြိုင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကျိုက်မရောမြို့နယ် ပျားတောင်ဒေသရှိ မော်လမြိုင်ဘိလပ်မြေစက်ရုံက ကျောက်မီးသွေးအသုံးပြုနေမှုကို ဒေသခံလူထုက ကန့်ကွက်နေသည့် ဖြစ်စဉ်အား ရှင်းလင်းဖြေကြားရန်အတွက် လူထုတွေ့ဆုံပွဲတစ်ရပ်ကို မွန်ပြည်နယ် မော်လမြိုင်မြို့ ဓမ္မလောကဘုန်းတော်ကြီး ကျောင်း၌ ပြုလုပ်ကျင်းပခဲ့သည်။ အဆိုပါ တွေ့ဆုံပွဲသို့ သံဃာတော် (၁၀) ပါးနှင့် ကျိုက်မရောဒေသခံအယောက် (၂၀) တို့ကလည်း တက်ရောက်ခဲ့သည်။

မော်လမြိုင်ဘိလပ်မြေ ကုမ္ပဏီလီမိတက်၏ အကျိုးတူပူးပေါင်းသူဖြစ်သော Siam Cement Group – SCG မှ ထိုင်းနိုင်ငံသားကိုယ်စားလှယ်တစ်ဦးက တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များကို တက်ရောက်လာသူများအား ရှင်းပြခဲ့ရာ အဆိုပါရည်ရွယ်ချက်များတွင် စက်ရုံလည်ပတ်ရန်အတွက် ကျောက်မီးသွေးသုံးစွဲနေရခြင်း၏ အကြောင်းရင်းကို ဖြေရှင်းရန်၊ ကုမ္ပဏီတာဝန်ခံများနှင့် ဒေသခံများအကြား ကြားခံဆက်သွယ်မှုစနစ်မထားရှိဘဲ တိုက်ရိုက်ဆက်သွယ် တွေ့ဆုံနိုင်ရန်၊ ကုမ္ပဏီနှင့် ဒေသခံများအတွက် ဖွံ့ဖြိုးမှုအစီအစဉ်များ ချမှတ်သွားရန် စသည့်အချက် များလည်း ပါဝင်သည်။

‘ဦးဇင်းတို့က စက်ရုံကို ကန့်ကွက်နေတာမဟုတ်ဘူး၊ စက်ရုံက ကျောက်မီးသွေး သုံးနေတာကို မလိုချင်တာ။ လျှပ်စစ်ကို ကျောက်မီးသွေးက နေထုတ်နေတယ်ဆိုတာ ဦးဇင်းတို့ကိုလည်း ပြောမပြခဲ့ဘူး။ ပွင့်လင်းမြင်သာမှုမရှိဘူး။ ကျောက်မီးသွေးအစားတစ်ခြားလောင်စာသုံးမယ်ဆိုရင် ဦးဇင်းတို့က သဘောတူနိုင်ပါတယ်။ ဒီကနေ့အခြေအနေမှာ ပျားတောင်ဒေသက သဘာဝပတ်ဝန်းကျင် တွေလည်း တော်တော်များများ ပျက်စီးနေပြီ’ဟု မော်လမြိုင်ဘိလပ်မြေစက်ရုံ၏ ကျောက်မီးသွေးသုံးစွဲမှုကို ကန့်ကွက်ရာတွင် ဒေသခံများနှင့်အတူ ရပ်တည်ခဲ့သော သံဃာတော်တစ်ပါးက မိန့်ကြားပါသည်။

မော်လမြိုင်ဘိလပ်မြေ စက်ရုံသည် ယခုနှစ်အစောပိုင်းကာလမှစ၍ အပြည့်အဝလည်ပတ်နိုင်ခဲ့ပြီဖြစ်ရာ ၎င်းတို့၏ လုပ်မှုပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ကျရောက်စေသည်ဟုဆိုကာ ဒေသခံများက အကြီးအကျယ်ကန့်ကွက်ခဲ့ကြသည်။ ကျောက်မိုင်းခွဲရာမှ လွင့်စင်လာသော ကျောက်တုံးအပိုင်းအစများက ၎င်းတို့လယ်ကွင်းနှင့် ဥယျာဉ်ခြံအတွင်းရှိ အပင်များကို ပျက်စီးစေသည့်အပြင် ကျောက်မိုင်းခွဲခြင်းကြောင့်လည်း သမိုင်းဝင် စေတီပုထိုးများနှင့် လိုဏ်ဂူများ ပျက်စီး လျက်ရှိကြောင်း ဒေသခံများက ပြောပါသည်။ အနီးအနားရှိ ကျေးရွာများမှ ရွာသူ၊ ရွာသား များကလည်း စက်ရုံအနီးအနားရှိ အတ္တရံမြစ်ရေကို သုံးစွဲရာမှ ကျန်းမာရေးပြဿနာများ ဖြစ်ပွားလာကြောင်းလည်း ပြောဆိုကြသည်။ သဘာဝသယံဇာတအရင်းအမြစ်များ၏ အနာဂတ်အတွက် ဒေသခံများက လွန်စွာ စိုးရိမ်ပူပန်နေကြပြီး စက်ရုံစွန့်ပစ်ပစ္စည်းများက ၎င်းတို့၏ ရေအရင်းအမြစ်ကို အဆိပ်အတောက်ဖြစ်စေမည်ကိုလည်း ကြောက်ရွံ့နေကြသည်။

ပျားတောင်လူမှုအသိုင်းအဝိုင်း၏ ဦးဆောင်သူတစ်ဦးဖြစ်သူ နိုင်ရဲဇော်က ‘EAI (သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာစစ်တမ်း) မပြီးသေးဘဲနဲ့ စက်ရုံကို လည်ပတ်ခဲ့တယ်။ တကယ်ဆို နိုင်ငံတော်ရဲ့ ခွင့်ပြုချက်တောင် မရသေးပါဘူး။ ဒါတွေက လက်မခံနိုင်တဲ့အချက်တွေပါ။ အစကတော့ ကုမ္ပဏီက ဒီသဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရပါဘူး၊ တောင်ရဲ့ ပုံသဏ္ဍာန်ကို မပျက်စီးစေရပါဘူးဆိုပြီး ကတိပေးခဲ့တယ်။ ဒါပေမယ့် လက်တွေ့လုပ်တဲ့အချိန်မှာ တောင်တွေပျက်စီးတယ်၊ ဖောက်ခွဲမှုတွေလည်း ပြင်းထန်တယ်။ ဖောက်ခွဲမှုနှင့်ပတ်သက်ပြီးတော့

▲ စာမျက်နှာ ၅ သို့

▲ စာမျက်နှာ – ၁ မှ အဆက်

# သက်ငယ်မုဒိမ်းမှုကျူးလွန်သူကို သက်ညှာစွာ စီရင်သဖြင့် နစ်နာသူမိသားစုဝင်များက မကျေနပ်

နိုဝင်ဘာ ၂၇၊ ၂၀၁၇

အသက်(၃)နှစ်အရွယ် မိန်းကလေးငယ်အား လိင်အကြမ်းဖက်ခဲ့သော ကျူးလွန်သူကို မော်လမြိုင်ခရိုင်တရားရုံးက မုဒိမ်းမှုနှင့် မုဒိမ်းမှုကျူးလွန်ရန် အားထုတ်ခြင်းအတွက် ပြစ်ဒဏ်များကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သဖြင့် နစ်နာသူမိသားစုဝင်များက ကျေနပ်ခြင်းမရှိကြောင်း သိရသည်။ ၎င်းပြင် ထောင်ဒဏ် အနှစ် (၂၀) အထိ ချမှတ်နိုင်သော မုဒိမ်းမှုအတွက် ထောင်ဒဏ် (၁၀) နှစ်သာ ချမှတ်ခဲ့သည့်အတွက် အဆိုပါ တရားရုံး၏ တရားဥပဒေစိုးမိုးရေးကို တက်ကြွလှုပ်ရှားသူများက မေးခွန်းထုတ်ခဲ့သည်။

‘(ပုဒ်မ) ၅၁၁ က ကြံစည်မှုဖြစ်တဲ့အတွက် ကျူးလွန်သူဘက်က အာမခံရသွားတယ်။ (နောက်ပြီး) ၅၁၁ ကို မဖြုတ်ဘဲ တစ်ခါတည်း အမိန့်ချလိုက်တဲ့အတွက် တရားဥပဒေစိုးမိုးမှု မရှိဘူးလို့ ပြောလို့ရတယ်။ ကလေးရဲ့ထွက်ဆိုချက်ကလည်း ဘဘဦး. . . ရဲ့လက်က သူ့အင်္ကျီကို ထိုးတယ်၊ နောက်ပြီး အနောက်ဘက် စအိုကိုလည်း ထိုးတယ်ဆိုတာ (ပါတယ်)။ ဒါတောင် ကြံစည်မှုပဲလား’ ဟု မွန်ပြည်နယ်လုံးဆိုင်ရာ အမျိုးသမီးနှင့် ကလေးသူငယ်များ စွမ်းရည်မြှင့်တင်ရေး ရှေ့ဆောင်အသင်းဥက္ကဋ္ဌ ဒေါ်ခင်သန်းထွေးက ပြောပါသည်။

အမှုဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့ နေ့လည် (၂) နာရီခန့်အချိန်တွင် ကလေးဖြစ်သူမှာ အဖွားဖြစ်သူ ဒေါ်. . . . . . နေအိမ်သို့ ပြန်လာပြီး ‘နာတယ် စပ်တယ်’ဟု ငိုယို တိုင်တန်းသဖြင့် စစ်ဆေးရာ ကလေးငယ်၏ မိန်းမကိုယ်မှာ နီရဲရောင်ယမ်းနေပြီး ပွန်းပဲ့ရာများလည်း တွေ့ရှိခဲ့ကြောင်း အိမ်နီးနားချင်းဖြစ်သူဒေါ်. . . . . က ပြောပြခဲ့သည်။ ကလေးငယ်အား မေးမြန်းရာ ကျူးလွန်သူက ကလေးငယ်အား ၎င်း၏ ကုတင်ပေါ်သို့ ခေါ်ဆောင်သွားပြီး‘နင့်ကို တုတ်နဲ့ထိုးမယ်။ မငိုနဲ့နော်၊ မုန့်ဝယ်ကျွေးမယ်။ သူများကြားရင် (မုန့်)မစားရတော့ဘူး’ဟု ပြောဆိုကာ ကလေးငယ်၏ မိန်းမကိုယ်ကို လက်ဖြင့်ထိုးခဲ့ကြောင်း၊ ၎င်းအပြင် စအိုဝကိုလည်း လက်ဖြင့်ထပ်မံထိုးခဲ့ကြောင်း ဖွင့်ပြောပြသဖြင့် အခင်းဖြစ်ပွားသည့်နေ့တွင်ပင် မော်လမြိုင်မြို့ မုပွန်ရဲစခန်းသို့ တိုင်ချက်ဖွင့်ခဲ့သည်။

မုဒိမ်းမှု တစ်ခုတည်းအတွက် ထောင်ဒဏ်အနှစ် (၂၀) ချမှတ်နိုင်သော အခြေအနေတွင် မုဒိမ်းမှုနှင့် မုဒိမ်းမှုကျူးလွန်ရန်အားထုတ်ခြင်း ပြစ်ဒဏ် (၂) မျိုးအတွက် ထောင်ဒဏ် (၁၀) နှစ်သာ ချမှတ်ခဲ့ခြင်းကြောင့် ကျူးလွန်ခံရသူကလေးငယ်၏ အဖိုးဖြစ်သူက တရားရုံး၏ဆုံးဖြတ်ချက်ကို မကျေနပ်ချေ။

‘ထောင်ဒဏ် (၁၀) နှစ်ချလိုက်တာကို ကျွန်တော်နားမလည်ဘူး။ အမှုတစ်ခုအတွက် တစ်သက်တစ်ကျွန်း၊ နောက်တစ်မှုအတွက် (၁၀) နှစ်။ တစ်သက်တစ်ကျွန်းက အနှစ် (၂၀) ဆိုတော့ ထောင်ဒဏ် အနှစ် (၃၀)။ ဒါကို တစ်ပေါင်းတည်း ချလိုက်တဲ့အတွက် ထောင်ဒဏ် အနှစ် (၂၀) ကျသွားတယ်လို့ပဲ ထင်နေတာ။ လူတွေ အမေးများလာတော့မှ တရားသူကြီးကို သွားမေးတော့ ထောင်ဒဏ် (၁၀) ပဲ ကျတယ်ဆိုတာ (သိလိုက်ရတယ်)။ ဒါဟာ မတရားဘူး’ဟု ကလေးငယ်၏အဘိုးဖြစ်သူ ဦး. . . . . . က ပြောပါသည်။

၎င်းအပြင် ကျူးလွန်သူက အာမခံဖြင့် လွတ်မြောက်နေစဉ်အတွင်း ၎င်းအား မတရားစွပ်စွဲသည်ဟုဆိုကာ နစ်နာသူမိသားစုဝင်များကို တန်ပြန်တရားစွဲဆိုခဲ့သည်။

‘ဒီအမှုမှာ (သူက) မကျူးလွန်ရဘဲနဲ့ ကလေးအဖိုးအဖွားတွေက ငွေပြန်မဆပ်နိုင်လို့ မတရားစွပ်စွဲပါတယ်ဆိုပြီး (သူ့ဘက်က) စွပ်စွဲချက်က ပြန်တက်လာတယ်။ အဲအမှုကို ဖြေရှင်းနေရတာလည်း တစ်နှစ်လောက် အချိန်ကုန်သွားတယ်။ ရုံးချိန်းပေါင်း (၇၈) ခု ဖြစ်သွားတယ်။ ကျွန်မတို့လို အဖွဲ့အစည်းနဲ့ မဟုတ်ရင် တရားလိုဘက်က ဒီအမှုကို မနိုင်ဘူး’ ဟု ဒေါ်ခင်သန်းထွေးက ပြောပါသည်။

ယခုအမှုဖြစ်စဉ်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ မတ်လတွင် ထုတ်ဝေသော ‘အမှောင်ခန်းက အပ်ကျသံ’ အမည်ရှိ သက်ငယ်မုဒိမ်းမှုအကြောင်း အစီရင်ခံစာတွင်လည်း ဖော်ပြခဲ့သည်။

▲ စာမျက်နှာ – ၄ မှ အဆက်

တွေ့ဆုံညှိနှိုင်းခဲ့တယ်။ လျှော့ချပေးမယ်လည်း ပြောခဲ့တယ်။ ဒါပေမယ့် ကနေ့အထိ မလျှော့သေးဘူး’ဟု ပြောဆိုခဲ့သည်။

‘နောက်ပြီး အတ္တရံမြစ်ကနေ မြောင်းတူးထားတာ တွေ့ရတယ်။ ဖက်ခင်းနေရာကလည်း မြစ်ကနေ ပေ (၅၀) လောက်ပဲရှိတယ်။ အဲကြောင့် စက်ရုံကအညစ်အကြေးတွေ မြစ်ထဲ စီးဝင်နေတယ်။ အဲဒါကို စက်ရုံ သက်သက် မြစ်သက်သက် ဖြစ်စေချင်တယ်’ ဟု ၎င်းက ဆက်ပြောပါသည်။

ဒေသခံများက နောက်လာမည့် တွေ့ဆုံပွဲမတိုင်မီ ဖြေရှင်းပေးရန်အတွက် အချက် (၄) ချက်ကို တောင်းဆိုခဲ့သည်။ ပွင့်လင်းမြင်သာမှုရှိရန်နှင့် နိုင်ငံတော်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာရန်၊ ကျောက်မီးသွေးဖြင့် လည်ပတ်နေသော လျှပ်စစ်ဓာတ်အားပေးစက်ရုံကို အခြားစွမ်းအင်ဖြင့် ပြောင်းလဲလည်ပတ်ပေးရန်၊ အတ္တရံမြစ်ရေကို သုံးစွဲသည့်အခါ အန္တရာယ်ကင်းသည့် နည်းလမ်းမျိုးဖြစ်စေရန် ပြုပြင်မှုများ ပြုလုပ်ရန်နှင့် သင်္ဘောများ သွားလာသည့်အခါ ကမ်းပါးပြိုခြင်း၊ မြစ်ချောင်းများ လမ်းကြောင်းပြောင်းခြင်းများ ရှိနေခြင်းကို ဂရုတစိုက်လုပ်ဆောင်သွားရန် စသည်တို့ဖြစ်သည်။

ကုမ္ပဏီအနေဖြင့် အဆိုပါအချက် (၄) ချက်ကို သဘောတူညီမည်ဆိုပါက ဒီဇင်ဘာလလယ်တွင် ကျင်းပမည့် နောက်တွေ့ ဆုံပွဲသို့ ပါဝင်တက်ရောက်မည် ဖြစ်ကြောင်း ဒေသခံများက ပြောပါသည်။ တွေ့ဆုံပွဲကို စက်ရုံအနီးတဝိုက်တွင် မပြုလုပ်ရန်နှင့် မော်လမြိုင်ဘိလပ်မြေကုမ္ပဏီလီမိတက်မှ ဆုံးဖြတ်ချက်ချပိုင်ခွင့်ရှိသူများက တွေ့ဆုံပွဲသို့ တက်ရောက်ရန်ကိုလည်း ဒေသခံများက တောင်းဆိုခဲ့သည်။

• • • • • •

# သံဖြူဇရပ်တွင် အသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ်ကို အဓမ္မပြုကျင့်ရန် ကြံစည်မှုဖြစ်ပွား

အောက်တိုဘာ ၂၄၊ ၂၀၁၇

၂၀၁၇ အောက်တိုဘာလ (၉) ရက်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ထန်းပင်ကြီးချောင်းမှ အသက် (၂၆) နှစ်အရွယ် ကျပန်းအလုပ်သမား မောင်...... က မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ငပကျေးရွာ...... ရပ်ကွက်မှ အသက် (၁၃) နှစ်အရွယ် မိ.....အား အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားချိန်တွင် မိန်းကလေးငယ်၏ မိခင်ဖြစ်သူက ငါးပိရောင်းချရန်အတွက် အနင်းကျေးရွာသို့ သွားရောက်နေခဲ့ပြီး ဖခင်ဖြစ်သူမှာလည်း ရေးတွင် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်လျက်ရှိခဲ့သည်။ ၎င်းအပြင် မိန်းကလေးငယ်၏ အစ်ကိုဖြစ်သူကလည်း ရာဘာခြံတွင် အလုပ်လုပ်လျက်ရှိရာ မိန်းကလေးငယ်က နေအိမ်တွင် တစ်ယောက်တည်း ကျန်ရစ်နေခဲ့ရသည်။ သို့သော် သူခရီးထွက်နေစဉ်အတွင်း တစ်ယောက်တည်း ဖြစ်နေသော သမီးငယ်အား စောင့်ရှောက်ပေးရန် ဘေးအိမ်က အိမ်နီးနားချင်းဖြစ်သူ အသက် (၅၀) အရွယ် ဒေါ်.....ကို မိန်းကလေးငယ်၏ မိခင်က အကူအညီတောင်းခံခဲ့သည်။

မောင်...က မိန်းကလေးငယ်၏ နေအိမ်ဘက်သို့ ထွက်သွားသည်ကို မြင်တွေ့လိုက်သော ဒေါ်....က မိန်းကလေးငယ်၏မိခင်က နေအိမ်တွင် မရှိသဖြင့် အိမ်ဘက်သို့ မသွားရန် မောင်... အား တားမြစ်ခဲ့သည်။ သို့သော် မောင်.... က ဂရုမစိုက်ဘဲ မိန်းကလေးငယ်၏ နေအိမ်ဘက်သို့ ဆက်လက် ထွက်ခွာလာခဲ့သည်။ ဒေါ်...က မောင်...ဖြစ်သူ၏ အပြုအမူကို မသင်္ကာသဖြင့် မိန်းကလေးငယ်၏ နေအိမ်သို့ လိုက်သွားခဲ့ရာတွင် နှစ်ဦးစလုံးကို အိပ်ခန်းတွင် အဝတ်ဗလာဖြင့် မြင်တွေ့ခဲ့ရသည်။ ဒေါ်....က မောင်.....အား ‘မင်း ဒီလိုလုပ်လို့ မရဘူး’ ဟု တားမြစ်ပြောဆိုခဲ့သော်လည်း ၎င်းကြောက်ရွံ့သဖြင့် အိမ်နီးနားချင်းများကို အကူအညီတောင်းခံရန် ထွက်လာခဲ့သည်။ အခင်းဖြစ်ပွားပြီးနောက်တွင် မိန်းကလေးငယ်၏ မိခင်အား ဆက်သွယ်ခဲ့သဖြင့် ည (၁၂) နာရီအချိန်တွင် နေအိမ်သို့ ပြန်ရောက်လာခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအား အကြောင်းကြားပြီး ကြံစည်သူအား လိုက်လံဖမ်းဆီးခဲ့ရာ ၎င်းမှာ နေအိမ်မှ ထွက်ပြေးသွားသော်လည်း ၎င်းမိခင်ဖြစ်သူ၏ နေအိမ်တွင် ဖမ်းဆီးရမိခဲ့သည်။

‘မောင်.....က သမီးအိမ်ကို ရောက်လာပြီးတော့ နင့်အမေရှိလားလို့မေးတယ်။ ပြီးတော့ အိမ်ထဲကို ဝင်လာပြီးတော့ တံခါးပိတ်ပြီး သမီးကို အိပ်ခန်းထဲ ခေါ်သွားတယ်။ သမီးဘောင်းဘီကိုချွတ်ပြီး သူ့ပုဆိုးကိုလည်း ချွတ်လိုက်တယ်။ အဲအချိန်မှာ ဒေါ်.. .... ရဲ့ ခေါ်သံကို ကြားတယ်။ သမီးက ပြန်ထူးဖို့ လုပ်ခဲ့ပေမယ့် မောင်... ..က သမီးပါးစပ်ကို ပိတ်ထားခဲ့တယ်’ ဟု မိန်းကလေးငယ်က ပြန်လည်ပြောပြခဲ့ ကြောင်း ဒေါ်....က ပြောပြပါသည်။ မိန်းကလေးငယ်၏ မိခင်ဖြစ်သူက မောင်...အား ရာဇသတ်ကြီးပုဒ်မ (၃၇၆) မုဒိမ်းမှုနှင့် ပုဒ်မ (၅၁၁) ပြစ်မှုကျူးလွန်ရန် အားထုတ်ခြင်းအတွက်ပြစ်ဒဏ်စသည့် ပြစ်မှုများအတွက် အရေးယူပေးရန် သံဖြူဇရပ် မြို့မရဲစခန်းသို့ တိုင်ကြားခဲ့သော်လည်း တိုင်ကြားချိန်တွင် အဓမ္မပြုကျင့်ခဲ့ကြောင်း ဆေးပညာဖြင့် အတည်ပြုရန် ခက်ခဲနေသဖြင့် ရဲစခန်းက မောင်.... အား အဓမ္မပြုကျင့်ရန် ကြံစည်မှုဖြင့်သာ စွဲချက်တင်ခဲ့သည်။

မောင်....သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး အမျိုးသမီးကိစ္စနှင့်ပတ်သက်၍လည်း နာမည်ဆိုး ထွက်နေသူဖြစ်ကြောင်း မိန်းကလေးငယ်၏ မိခင်က ပြောပါသည်၊

ပြီးခဲ့သောနှစ်များအတွင်း ကလေးသူငယ်များအပေါ် ကျူးလွန်သော လိင်အကြမ်းဖက်မှု အရေအတွက်များ သိသိသာသာ မြင့်တက်လာခဲ့သည်။ သက်ငယ်လိင်အကြမ်းဖက်မှုနှင့် ပတ်သက်သော အကြောင်းအရာများ၊ အခက်အခဲ စိန်ခေါ်မှုများနှင့် ဝေဖန်သုံးသပ်ချက်များကို သိရှိလိုပါက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ မတ်လတွင် ထုတ်ဝေသော ‘အမှောင်ခန်းက အပ်ကျသံ’ အမည်ရှိ အစီရင်ခံစာကို ဖတ်ရှုနိုင်ပါသည်။

• • • • •



မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ကျောက်မီးသွေးသုံးစွဲမည်ကို စိုးရိမ်သဖြင့် လျှပ်စစ်မီးရရှိမည့်အခွင့်အရေးကို ဒေသခံများ လက်လွှတ်

နိုဝင်ဘာ ၂၂၊ ၂၀၁၇

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာမှ ရွာသူရွာသားများသည် မွန်ပြည်နယ်အစိုးရနှင့် Bedok Construction and Engineering Co. Ltd တို့ ချုပ်ဆိုထားသော စာချုပ်အရ လျှပ်စစ်မီး ဖြန့်ဖြူးပေးဝေမည့်ကိစ္စနှင့်ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်နေကြောင်း သိရသည်။ စာချုပ်ပါ စီမံကိန်းအရ အနင်းနှင့် ပတ်ဝန်းကျင်ကျေးရွာများကို လျှပ်စစ်မီးဖြန့်ဖြူးပေးမည်ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကတိပြုပြောကြားခဲ့ရာ လျှပ်စစ်ဓာတ် အားထုတ်ယူရာတွင် ကျောက်မီးသွေးစွမ်းအင်သုံးစွဲမည်ကို ဒေသခံများက စိုးရိမ်နေကြခြင်း ဖြစ်သည်။ သို့သော် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းအတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင် ဦးစိန်ဝမ်းနှင့် သဘောတူညီမှု ရရှိထားပြီဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်း ပြောကြားခဲ့သည်။ ဦးစိန်ဝမ်းသည် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက်တွင် လျှပ်စစ်ဓာတ်အား (၂၃၀) မီဂါဝပ် ဖြန့်ဝေနေသော Myanmar Lighting Co., Ltd မှ တာဝန်ရှိသူတစ်ဦး ဖြစ်သည်။

ဦးစိန်ဝမ်းအနေဖြင့် စီမံကိန်းအတွက် မြေဧက (၅၀၀) နီးပါးကို ဝယ်ယူထားပြီဖြစ်ကြောင်း အနင်းကျေးရွာ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ နိုင်ပလွန်းဂတက ပြောပါသည်။

'ကျွန်တော်တို့က ဖွံ့ဖြိုးရေးစီမံကိန်းကို ကန့်ကွက်နေတာ မဟုတ်ဘူး။ ဒါပေမယ့် အခုဟာက ပွင့်လင်းမြင်သာမှု မရှိဘူး။ ဥပမာပြောရရင် သူတို့ သန့်ရှင်းတဲ့ စွမ်းအင်သုံးမှာလား ဘာသုံးမှာလဲ ကျွန်တော်တို့ မသိဘူး။ သန့်စင်စွမ်းအင်သုံးရင် ဈေးကြီးမယ်၊ လုပ်ငန်းရှင်အတွက် အမြတ်နည်းမယ်။ ဒါပေမယ့် ကျောက်မီးသွေးသုံးရင် ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်။ ကျွန်တော်တို့က လျှပ်စစ်မီးကို လိုချင်ပေမယ့် ကျောက်မီးသွေးသုံးမှာကိုတော့ မလိုလားဘူး' ဟုငင်းက ပြောပါသည်။

အဆိုပါစီမံကိန်းတွင် မသေချာ မရေရာမှုများ ရှိနေသည့်အတွက် အချို့ဒေသခံများက စီမံကိန်းကို ကန့်ကွက်နေကြသည်။ ၎င်းပြင် စီမံကိန်းတွင် အသုံးပြုမည့်မြေနေရာအတွက် ၎င်းတို့၏မြေယာများကို ရောင်းချရန် မရောင်းချရန် ဆုံးဖြတ်ရခက်နေကြောင်း ဒေသခံများက ဆိုပါသည်။

'သူတို့က ကျွန်တော်တို့ဒေသအတွက် ဖွံ့ဖြိုး ရေးစီမံကိန်းတွေ လုပ်ပေးမယ် ပြောတယ်။ ဖွံ့ဖြိုးမှုအတွက် လမ်းတွေ လျှပ်စစ်မီးတွေ လုပ်ပေးမယ်။ စီမံကိန်းက မြေဧက (၅၀၀၀) လောက် လိုတယ် ပြောတယ်။ အခုဆို ဦးစိန်ဝမ်းက ကိုယ်စားလှယ်လွှတ်ပြီး မြေဝယ်ခိုင်းနေပြီ။ ဧက (၅၀၀) လောက် ဝယ်ပြီးပြီ ထင်တယ်။ တစ်ချို့ရွာသားတွေကတော့ စီမံကိန်းအကြောင်း ဘာမှမသိဘဲ မြေတွေကို ရောင်းလိုက်တယ်။ တစ်ချို့ကျတော့ စီမံကိန်းအကြောင်း ကြားထားတော့ မရောင်းကြသေးဘူး။ သူတို့က သန့်စင်စွမ်းအင်သုံးမယ် ပြောတာပဲ၊ ဒါပေမယ့် ကျိုက်မရောက ဘိလပ်မြေစက်ရုံကိုပဲကြည့်၊ စီမံကိန်း စပြီးပြီဆိုတာနဲ့ ကန့်ကွက်လည်း မရပ်တော့ဘူး။ အဲဒါကြောင့် စီမံကိန်း မစခင်မှာ ကာကွယ်မှုတွေ ကောင်းကောင်း လုပ်ထားဖို့ လိုတယ်' ဟု နိုင်ပလွန်းဂတက ပြောပါသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ မော်လမြိုင်ဘိလပ်မြေစက်ရုံအနေဖြင့် ကျောက်မီးသွေးစွမ်းအင်ကို အသုံးပြုပြီး ယခုနှစ်အစောပိုင်းမှစတင်၍ အပြည့်အဝ လည်ပတ်လျက်ရှိရာ အဆိုပါစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်၊ ရေအရင်းအမြစ်နှင့် လယ်ယာမြေများ ထိခိုက်ပျက်စီး လျက်ရှိကြောင်း သိရသည်။

အနင်းနှင့် ပတ်ဝန်းကျင် ကျေးရွာများအတွင်း ဖွံ့ဖြိုးရေးစီမံကိန်းများကို စောင့်ကြည့်လေ့လာရန်အတွက် အနင်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ကို ဒေသခံများက ဖွဲ့စည်းထားကြောင်း သိရသည်။

အနင်းဒေသတွင် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း တည်ဆောက်ရန်အတွက် မွန်ပြည်နယ်အစိုးရက Bedok Construction and Engineering Co. Ltd နှင့် ၂၀၁၇ မတ်လ (၉) ရက်နေ့တွင် မော်လမြိုင်မြို့၌ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါစီမံကိန်းအနေဖြင့် ပြည်ထောင်စုအစိုးရ၏ တရားဝင်ခွင့်ပြုချက် ရမရကိုမူ အတည်ပြုနိုင်သေးခြင်း မရှိချေ။

"ကျွန်တော်တို့က ဖွံ့ဖြိုးရေးစီမံကိန်းကို ကန့်ကွက်နေတာ မဟုတ်ဘူး။ ဒါပေမယ့် အခုဟာက ပွင့်လင်းမြင်သာမှုမရှိဘူး။ ဥပမာပြောရရင် သူတို့ သန့်ရှင်းတဲ့စွမ်းအင်သုံးမှာလား ဘာသုံးမှာလဲ ကျွန်တော်တို့ မသိဘူး။ သန့်စင်စွမ်းအင်သုံးရင် ဈေးကြီးမယ်၊ လုပ်ငန်းရှင်အတွက် အမြတ်နည်းမယ်။ ဒါပေမယ့် ကျောက်မီးသွေးသုံးရင် ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်၊ ကျွန်တော်တို့က လျှပ်စစ်မီးကို လိုချင်ပေမယ့် ကျောက်မီးသွေးသုံးမှာကိုတော့ မလိုလားဘူး"

# ကျောက်မိုင်းများကြောင့် ပျက်စီးမှုနှင့် ချိုးဖောက်မှုများ ခံစားနေရကြောင်း ဒေသခံများက ပြောဆို

နိုဝင်ဘာ ၁၃၊ ၂၀၁၇

၂၀၁၇ ခုနှစ် နိုဝင်ဘာ (၁၁) ရက်နေ့တွင် မော်လမြိုင်မြို့ အောက်ကျင်း ရပ်ကွက်ရှိ မွန်ပြည်နယ်အရပ်ဘက် လူမှုအဖွဲ့အစည်းများကွန်ရက်ရုံးတွင် ပေါင်မြို့နယ် လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက် (Network for Social Development and Peace – NSDP) က သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ အစီရင်ခံစာမိတ်ဆက်ခြင်းနှင့် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ပြုလုပ် ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ်အတွင်းရှိ ကျောက်မိုင်း (ကျောက်ထုတ်လုပ်ရေး) စီမံကိန်းများကြောင့် ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်များ ပျက်စီးဆုံးရှုံးနေသည့်အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း ဒေသခံပြည်သူများက ရင်ဆိုင်ခံစားနေရကြောင်း အခမ်းအနားကျင်းပသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

စာမျက်နှာ (၅၂) မျက်နှာရှိသော ၎င်းအစီရင်ခံစာတွင် ကျောက်မိုင်းထုတ်လုပ်ရေးကုမ္ပဏီများ အများဆုံးတည်ရှိရာ မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျေးရွာပေါင်း (၁၃) မှ ဒေသခံပြည်သူများ၏ သဘောထားများကို စစ်တမ်းကောက်ယူခဲ့ပြီး အဆိုပါစစ်တမ်းကာလအတွင်း ရရှိခဲ့သော တွေ့ရှိချက်များကို အခြေခံ၍ အစီရင်ခံစာကို ပြုစုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

'လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအခြေအနေတွေကို သိနိုင်ဖို့အတွက် ကျေးရွာတွေ မြို့တွေမှာ သွားပြီးတော့ စစ်တမ်းကောက်ယူထားပါတယ်'ဟု လူမှုဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကွန်ရက်မှ ညှိနှိုင်းရေးမှူး ဒေါ်ဖွန်ပန်းက ပြောပါသည်။

စစ်တမ်းများအရ ကျောက်ထုတ်လုပ်မှုစီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်၊ ရေအရင်းအမြစ်နှင့် သစ်တောများ ပျက်စီးဆုံးရှုံးကာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးရေလျှံခြင်း၊ ကမ်းပါးပြိုခြင်း၊ တောင်ပြိုခြင်း၊ မြေဆီလွှာဆုံးရှုံးခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်းနှင့် ဂေဟစနစ်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

'စီမံကိန်းတွေကြောင့် ပြည်သူလူထုက အခြေခံအခွင့်အရေးတွေ ဆုံးရှုံးလာတယ်။ ရေအရင်းအမြစ်တွေလည်း ပျက်စီးလာတယ်။ အလုပ်အကိုင်ရှားပါးတဲ့ ပြဿနာကိုလည်း ရင်ဆိုင်လာရတယ်။ အဲဒါတွေ ဖြစ်လာလို့ ဒေသခံတွေရဲ့ အမြင်တွေ၊ ခံစားချက်တွေကို စုစည်းပြီးတော့ ဒီအစီရင်ခံစာနဲ့ တုံ့ပြန်ရတာပါ' ဟု ဒေါ်ဖွန်ပန်းက ရှင်းပြသည်။

'ကျောက်မိုင်းကြောင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ကိစ္စတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုနဲ့ ဘဝလုံခြုံမှုမရှိတဲ့အထိပါ ကြုံတွေ့ခံစားနေရတယ်။ နောက်ပြီး လက်ရှိရင်းနှီးမြှုပ်နှံမှုဥပဒေကလည်း ပြည်သူတွေကို အကာအကွယ်မပေးတဲ့အပြင် ပွင့်လင်းမှုလည်း မရှိဘူး။ ကုမ္ပဏီတွေက စံသတ်မှတ်ချက်တွေကို လိုက်နာလာဖို့ တွန်းအားပေးတာမျိုးလည်း မရှိဘူး။ ဒါတွေ ပြန်တည့်မတ်ဖို့ ပြန်ကုစားဖို့ဆိုရင် အစိုးရနဲ့ လုပ်ငန်းဖော်ဆောင်သူတွေက တာဝန်ယူဆောင်ရွက်ပေးဖို့ လိုအပ်နေပါတယ်' ဟု အခမ်းအနား တက်ရောက်လာသူ ဥတ္တံတားကျေးရွာသားတစ်ဦးက ပြောပါသည်။

လုပ်အားခ ခေါင်းပုံဖြတ်ခြင်း၊ ကျောက်မိုင်းခွဲရာမှ လွင့်စင်လာသော ကျောက်တုံးကျောက်ခဲများကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ ကျောက်မှုန်များကြောင့် လေထုညစ်ညမ်းခြင်း၊ အနီးအနား တောတောင်များတွင် ဟင်းသီးဟင်းရွက်ရှာဖွေရာတွင် လွတ်လပ်မှုမရှိခြင်း၊ ရော်ဘာခြံသို့ သွားရာလမ်းကို ပိတ်ဆို့ထားခြင်း၊ ကျောက်မိုင်းအဝင်အထွက်လမ်း ဖောက်လုပ်ရန်အတွက် ခြံမြေများကို ဖိအားပေးရောင်းချစေခြင်း၊ ဥယျာဉ်ခြံများအား သိမ်းဆည်းခြင်း၊ မူလစိုက်ပျိုးနေသော မြေနုကျွန်းများ ပျောက်ဆုံးလာခြင်းစသည့် ပျက်စီးမှုနှင့် ချိုးဖောက်မှုများကို ဒေသခံများ ခံစားနေရကြောင်း အစီရင်ခံစာတွင် ဖော်ပြပါရှိသည်။

'ပေါင်မြို့နယ်မှာ စုစုပေါင်းကျောက်မိုင်း (၂၅) ခုလောက် ရှိတယ်။ ဒီကျောက်မိုင်း (၂၅) ခုကြောင့် အိမ်တွေ လူတွေ နိစ္စဒူဝ ဘယ်လောက်ထိခိုက်နေမလဲဆိုတာ ကျွန်မတို့ မှန်းဆလို့ရပါတယ်' ဟု ဒေါ်ဖွန်ပန်းက ပြောသည်။

အစီရင်ခံစာပါ တွေ့ရှိချက်များကို အခြေခံ၍ ပညာပေးလှုံ့ဆော်မှု (advocacy) လုပ်ငန်းစဉ်များ ချမှတ်ကာ ချိုးဖောက်မှုနှင့် ပျက်စီးမှုများ လျော့ကျရပ်တန့်သွားသည်အထိ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ အစိုးရအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များအား တိုက်တွန်းသွားမည်ဟု အစီရင်ခံစာက ဆိုပါသည်။

မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးမြင့်၏ ပြောကြားချက်အရ မွန်ပြည်နယ်တွင် ယခုဘဏ္ဍာရေးနှစ်အတွင်း ကျောက်လုပ်ငန်းလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင် လျှောက်ထားသူ (၇၀) ဦးအနက် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ (၆၄) ဦးအထိရှိပြီး ပေါင်နှင့် ကျိုက်ထိုမြို့နယ်များတွင် အများဆုံး လုပ်ကိုင်လျက်ရှိသည်။

> ကျောက်မိုင်းကြောင့် ကျွန်တော်တို့ ကြုံတွေ့နေရတဲ့ ကိစ္စတွေမှာ လူ့အခွင့်အရေးချိုးဖောက်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုတွေသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုနဲ့ ဘဝလုံခြုံမှု မရှိတဲ့အထိပါ ကြုံတွေ့ ခံစားနေရတယ်။

# June ကုမ္ပဏီက ပျားတောင်ဒေသတွင် ဘိလပ်မြေစက်ရုံတည်ရန် စတင်လုပ်ဆောင်နေသည့်အတွက် ဒေသခံပြည်သူများ စိုးရိမ်မှုမြင့်တက်

နိုဝင်ဘာ ၉၊ ၂၀၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မဲဂရိုး၊ ကော့ဒွန်းနှင့် ကော့ပနော့ကျေးရွာများ အနီးတပိုက်တွင် June ကုမ္ပဏီက ဘိလပ်မြေစက်ရုံအသစ် တည်ဆောက်ရန် ပြင်ဆင်လုပ်ဆောင်နေသည့်အတွက် အဆိုပါ ပျားတောင်ဒေသမှ ဒေသခံပြည်သူများက ၎င်းတို့နှင့် ၎င်းတို့ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတစ်စုံတရာ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်နေကြသည်။

'အခုဆိုသူတို့ (စီမံကိန်း) ဧရိယာထဲမှာ သဲတွေ အများကြီးပုံထားတာကို တွေ့တယ်။ မြောင်းတွေ တူးနေတာလည်းတွေ့ရတယ်။ သူတို့ဘာလုပ်နေသလဲဆိုတာ ဘယ်သူမှ မသိကြဘူး။ လွန်ခဲ့တဲ့ (၃) နှစ်လောက်က ကုမ္ပဏီရဲ့မြေပုံအရဆိုရင် ကျောက်မီးသွေးစီမံကိန်းပဲ ဆောက်မှာပဲ။ အဲဒါကို ရွာသူရွာသားတွေက စိုးရိမ်နေကြတယ်'ဟု မဲဂရိုးကျေးရွာ ပျားတောင်ဒေသအဖွဲ့မှ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ နိုင်ရွှေဝင်းက နိုဝင်ဘာလ (၈) ရက်နေ့တွင် ပြောကြားခဲ့သည်။

စီမံကိန်းတည်ဆောက်ရန် လျာထားသောမြေနေရာသည် မဲဂရိုးကျေးရွာ၏ ထင်ပေါ်ကျော်ကြားသော ရှေးဟောင်းဘုရားလိုဏ်ဂူအဝင်ဝ၌ တည်ရှိနေသောကြောင့် သမိုင်းဝင်ထုံးကျောက်လိုဏ်ဂူများပျက်စီးဆုံးရှုံးသွားမည်ကို ဒေသခံများက စိုးရိမ်နေကြောင်း မဲဂရိုးရွာသားဖြစ်သူ ပျားတောင်ဒေသအဖွဲ့ဝင် နိုင်ထွန်းကြည်က ပြောပါသည်။

'MCL (မော်လမြိုင်ဘိလပ်မြေကုမ္ပဏီလီမိတက်) ကုမ္ပဏီတစ်ခုနဲ့တင် ကျွန်တော်တို့ဒေသခံတွေ ဒုက္ခတွေနဲ့ ကြုံတွေ့နေရတယ်။ တကယ်လို့ ဇေကမ္ဘာရော ဂျွန်ကုမ္ပဏီပါ ထပ်ပေါ်လာရင်တော့ ကျွန်တော်တို့ဒေသကလူတွေ မလွယ်ဘူး။ ဒီ့ထက်ပိုပြီး အန္တရာယ်တွေ ကြုံတွေ့ရမယ်' ဟု နိတုံကျေးရွာသားတစ်ဦးဖြစ်သူ နိုင်မရေ့မွန်က ပြောပါသည်။

ယခုအချိန်တွင် မော်လမြိုင်ဘိလပ်မြေစက်ရုံကို အပြည့်အဝ လည်ပတ်နေပြီဖြစ်ရာ စက်ရုံစီမံကိန်းကြောင့် ရွာသူ၊ ရွာသားများ မှီခိုနေသော အတ္တရံမြစ် ပျက်စီးခြင်း၊ မြစ်ကမ်းပါးပြိုကျခြင်း၊ ရေလုပ်ငန်း အသက်မွေးဝမ်းကျောင်းမှုများ ပျက်စီးလာခြင်း၊ မြစ်ချောင်းအနီးရှိ လူနေအိမ်များ အက်ကွဲနိမ့်ကျလာခြင်းနှင့် လယ်ယာမြေများ ပျက်စီးလာခြင်းစသည့် ပြဿနာများကို ရင်ဆိုင်နေရသည်။

Juneကုမ္ပဏီအနေဖြင့် ပွင့်လင်းမြင်သာမှုမရှိဘဲ စီမံကိန်းကို အကောင်အထည်ဖော်နေသဖြင့် အဆိုပါကုမ္ပဏီ၏ လှုပ်ရှားလုပ်ဆောင်နေမှုကို စိစစ်ပေးရန် ၂၀၁၇ ဇွန်လ (၄) ရက်နေ့တွင် မွန်ပြည်နယ်လွှတ်တော်သို့ စာတင်ထားကြောင်း ဒေသခံများက ပြောပါသည်။

'ကျွန်တော်တို့ စာတင်ထားတဲ့အပေါ်မှာ လွှတ်တော်ဥက္ကဋ္ဌဒေါ်တင်အိက ၂၀၁၇ ဧပြီလ (၂၀) ရက်နေ့မှာ စာပြန်ထားတာရှိတယ်။ June ကုမ္ပဏီတာဝန်ရှိသူတွေနဲ့ ဒေသခံတွေကို တွေ့ဆုံညှိနှိုင်းဖို့ စီစဉ်ပေးမယ်။ ပြီးတော့ လိုအပ်ရင် လွှတ်တော်ကိုယ်စားလှယ်တွေက ကွင်းဆင်းစိစစ်ပေးမယ်ဆိုပြီး အကြောင်းပြန်လာတယ်' ဟု နိုင်ထွန်းကြည်က ပြောပါသည်။

အောက်တိုဘာ (၂၃) ရက်နေ့က မဲဂရိုးကျေးရွာတွင် ပြုလုပ်ခဲ့သော ဟောပြောပွဲ၌ မွန်ပြည်နယ်လွှတ်တော် တိုင်ကြားစာအသနားခံစာနှင့် အထွေထွေကိစ္စရပ်များ လေ့လာစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်သူက June ကုမ္ပဏီ၏ စီမံကိန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိထားပြီဖြစ်၍ ယင်းကော်မရှင်ထံ အကြောင်းကြားစိစစ်ပြီးမှသာ ပြည်သူများကို ပြန်လည်အသိပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"MIC(Myanmar Investment Commission – မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)ရဲ့ ခွင့်ပြုမိန့် ရတဲ့ရက်ကနေပြီးတော့ (၂)နှစ်အထိ သူတို့လုပ်ငန်းအကောင်အထည်ဖော်ထားသလောက်ကို သူတို့ပိုင်တယ်။ အဲ (၂) နှစ်ထက် ကျော်သွားလို့ရှိရင်တော့ သူတို့မှာ လုပ်ပိုင်ခွင့် မရှိတော့ဘူး။ ကျန်တာ အစိုးရက သိမ်းချင်သိမ်း မဟုတ်ရင် မူလလယ်ပိုင်ရှင်ထံပြန်အပ်ရင်အပ်မယ်'ဟု ဦးအောင်ကျော်သူက ပြောဆိုခဲ့ကြောင်း နိုင်ထွန်းကြည်က ပြောပါသည်။

June Cement Industry Ltd အနေဖြင့် လွန်ခဲ့သော ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ပြီး ဘိလပ်မြေစက်ရုံတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် အတ္တရံမြစ်ကမ်းဘေးရှိ မြေဧက (၇၀၀) ခန့်ကို ကျိုက်မရောမြို့နယ် မဲဂရိုးနှင့် ကော့ပနော့ကျေးရွာများမှ ဒေသခံပြည်သူများထံမှ ဝယ်ယူခဲ့သည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က June Cement Industry Ltd ကို ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ် မတ် (၂၅) ရက်နေ့တွင် ခွင့်ပြုချက်ချပေးခဲ့ပြီး အဆိုပါကုမ္ပဏီက အလုပ်သမားတန်းလျားများနှင့် ရုံးခန်းများကို ၂၀၁၆ မေလနှောင်းပိုင်းတွင် စတင်ဆောက်လုပ်ခဲ့သည်။

စီမံကိန်းအတွက် ကျိုက်မရောမြို့နယ် လွှစင်ကုန်းကျေးရွာတွင် မြေ (၈၃.၂၇) ဧကနှင့် ကော့ပနော့ကျေးရွာအုပ်စုတွင် မြေ (၃၇.၉၉) ဧကကို နှစ် (၃၀) စက်မှုစီးပွားမြေငှားဂရန်အဖြစ် ခွင့်ပြုမိန့်ရရှိခဲ့ပြီဖြစ်ကြောင်း June Cement Industry Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာနုနုဝင်းက အတည်ပြုခဲ့သည်။

> လွန်ခဲ့တဲ့ ၃ နှစ်လောက်က ကုမ္ပဏီရဲ့ မြေပုံအရဆိုရင် ကျောက်မီးသွေးစီမံကိန်းပဲ ဆောက်မှာပဲ။ အဲဒါကို ရွာသူ ရွာသားတွေက စိုးရိမ်နေကြတယ်

# လယ်ယာမြေကို ကျားမ မရွေးလုပ်ကိုင်ခွင့်ပြုထားသည်ဟု ဆိုသော်လည်း

ဒီဇင်ဘာ၊ ၂၀၁၇

လယ်ယာမြေလုပ်ပိုင်ခွင့်ကို ကျားမ မရွေးလုပ်ကိုင်ခွင့် ပေးအပ်ထားသော်လည်း လူမျိုးစုအလိုက် ဒေသအလိုက် ကွဲပြားခြားနားမှုများ ရှိနေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေများက လယ်သမားများအား လယ်ယာမြေပိုင်ဆိုင်ခွင့်ကို မပေးအပ်ခဲ့ချေ။ ပိုင်ဆိုင်ခွင့်မရှိသော အဆိုပါ လယ်ယာမြေပေါ်မှ လုပ်ကိုင်ခွင့်ကိုပင် အမျိုးသမီးများအပေါ် ထပ်မံ၍ ဘောင်ခတ် ကန့်သတ်ချက်များ ရှိလာခဲ့သည်မှာ ဒီမိုကရေစီစနစ် ကျင့်သုံးနေသည်ဟုဆိုသော ယနေ့ခေတ်ထိတိုင်အောင်ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် လယ်ယာမြေဥပဒေအသစ်ကို ၂၀၁၂ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည်။ အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေဖြင့် ၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ် သီးစားချထားရေး ဥပဒေကိုလည်းကောင်း၊ ၁၉၆၃ ခုနှစ် တောင်သူလယ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေကိုလည်းကောင်း ရုပ်သိမ်းလိုက်သည်ဟု ဖော်ပြပါရှိသည်။

၁၉၅၃ ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေသည် လယ်သမားများအား လယ်ယာမြေပိုင်ဆိုင်ခွင့်ကို ဆုံးရှုံးစေသော ဥပဒေဖြစ်ပြီး ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေက လယ်ယာမြေပိုင်ဆိုင်ခွင့်မရှိသော လယ်သမားများအား လယ်လုပ်ခွင့်ပေးသည့်ဥပဒေဖြစ်သည်။ လယ်လုပ်သူသာ လယ်ပိုင်ခွင့်ရှိသည်ဟု ဆိုသော်လည်း အဆိုပါဥပဒေများကြောင့် လယ်ပိုင်ရှင်ဘဝမှ လယ်လုပ်သား၊ လယ်သူရင်းငှားဘဝသို့ အသွတ်သွင်းခံလိုက်ရသည်ဟု လယ်သမားများက ပြောဆိုခဲ့ကြသည်။

အလားတူပင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေကလည်း လယ်ယာမြေလုပ်ပိုင်ခွင့်ဟုသာ ဆက်လက် ဖော်ပြထားခြင်းဖြင့် လယ်ယာမြေပိုင်ဆိုင်ခွင့်ကို ရည်ရွယ်ချက်ရှိရှိ ပယ်ဖျက်ထားပြီး လယ်သမားများကို လယ်ပိုင်ရှင်ဘဝမှ မြေမဲ့ယာမဲ့ဘဝသို့ ရောက်ရှိအောင် တွန်းပို့ထားသည်။ နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအများစုဖြစ်သော လယ်သမားများအား ဖိနှိပ်ထားသည်မှာ မေးခွန်းထုတ်စရာဖြစ်နေသည်။

လယ်ယာမြေလုပ်ပိုင်ခွင့် ဆိုသည်မှာ နိုင်ငံတော်သည် မြေယာမြေအားလုံး၏ မူလပိုင်ရှင်ဖြစ်၍ လယ်ယာမြေကို စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အလို့ငှာ ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လက်ဝယ်ထားရှိ၍ စိုက်ပျိုးလုပ်ကိုင် အသုံးချခွင့်ပြုခြင်းကို ဆိုလိုသည်။

နိုင်ငံတော်ပိုင်လယ်ယာမြေ ဖြစ်သဖြင့် နိုင်ငံတော်ကို အုပ်ချုပ်သော အစိုးရတစ်ရပ်ရပ်ကသာ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ နိုင်ငံတော် သို့မဟုတ် အစိုးရ၏ အမိန့်အာဏာဖြင့် စစ်တပ်၊ ခရိုနီနှင့် လုပ်ငန်းရှင်များက သာမန်ပြည်သူ တောင်သူလယ်သမားများ၏ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေများကို အဆိုပါပြဋ္ဌာန်းချက်ကို အလွဲသုံးစား ပြုလုပ်၍ သိမ်းယူလိုကြသဖြင့် မြန်မာနိုင်ငံတွင် လယ်ယာမြေအရှုပ်တော်ပုံ များပြားစွာ ဖြစ်ပွားနေရခြင်းဖြစ်သည်။

'လယ်ယာမြေကို နိုင်ငံတော်က ပိုင်တယ်။ နိုင်ငံတော်က ပြန်ယူရင် ပြန်ပေးရမယ်။ နိုင်ငံတော်ပိုင်မြေပေါ်မှာ နိုင်ငံတော်က ချမှတ်တဲ့ စီမံကိန်းကို အကောင်အထည်ဖော်တဲ့အတွက် အမှန်မှာ လျော်ကြေးပေးဖို့တောင် မလိုဘူး။ အခု လျော်ကြေးပေးသလောက်ကို ယူလိုက်ပါ၊ အလကားယူ(သိမ်း)လိုက်ရင် တစ်ပြားမှမရဘဲ ဖြစ်သွားမယ်'ဟု အာဏာပိုင်များနှင့် ကုမ္ပဏီတာဝန်ရှိသူများက ကျိုက်မရောဘိလပ်မြေစက်ရုံ မြေနေရာရရှိရေးအတွက် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း ကျိုက်မရောမြို့နယ် ကွမ်းငိုင်ကျေးရွာမှ လယ်သမားတစ်ဦးက ပြန်လည် ပြောပြခဲ့သည်။

'လယ်ယာမြေကို ဒို့လယ်သမားတွေ မပိုင်ရတဲ့အဖြစ်ကို ကြုံခဲ့ရတယ်။ ခြိမ်းခြောက်မှုတွေအများကြီးထဲက စစ်အာဏာ၊ စစ်မိန့်နဲ့ နိုင်ငံတော်နာမည်တပ်ပြီး ခြိမ်းခြောက်လာရင် ဒို့လယ်သမားတွေ မကဘူး၊ ပြည်သူတွေလည်း ကြောက်ကြရတာပဲလေ၊ နောက်ပြီး နိုင်ငံတော်ပိုင် လယ်ယာမြေဆိုပြီး လယ်သမားတွေ ဓားမဦးချလုပ်လာခဲ့တဲ့ လယ်ယာမြေတွေကို မတရားအသိမ်းခံရတာများလွန်းလို့ နိုင်ငံတော်အသံကြားရင် လယ်သမားတွေ ပိုကြောက်တတ်ကြတယ်။ လယ်သမားတွေ မကြားချင်ဆုံးအသံက နိုင်ငံတော်ပိုင်ဆိုတဲ့ အသံပဲဖြစ်တယ်' ဟု နိုင်ငံတော်ပိုင်လယ်ယာမြေဟူသော စကားရပ်ကြောင့် မိမိဓားမဦးချလုပ်ကိုင်လာခဲ့သော လယ်ယာမြေကို ရောင်းချခဲ့ရသော လယ်သမားတစ်ဦးက ရင်ဖွင့်ပြောဆိုပါသည်။

'၂၀၁၂ လယ်ယာမြေဥပဒေဟာ လယ်သမားတွေရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးတဲ့ဥပဒေတစ်ရပ်လို့ ဆိုထားပေမယ့် လယ်သမားတွေ အဓိကလိုချင်နေတဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ကိုတော့ ဥပဒေမှာ ထည့်မထားပါဘူး။ လယ်ယာမြေကို နိုင်ငံတော်ကပဲ ပိုင်နေသေးတယ်။ ၁၉၅၃ ခုနှစ်က လယ်ယာမြေနိုင်ငံပိုင်အက်ဥပဒေ၊ တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်က လယ်ယာမြေ သီးစားချထားရေးဥပဒေ၊ လယ်သမားအခွင့်အရေး ကာကွယ်သည့် ဥပဒေဆိုပြီး ဥပဒေတွေ အမျိုးမျိုး ထုတ်ခဲ့ပေမယ့် အဲဒီဥပဒေတွေမှာလည်း လယ်သမားတွေကို မြေယာပိုင်ဆိုင်ခွင့် မပေးခဲ့ဘူး။ အခု ၂၀၁၂ ဥပဒေကလည်း လယ်ယာမြေပိုင်ဆိုင်ခွင့် မပေးပြန်ဘူး၊ ဘာမှမထူးဘူး' ဟု ကျိုက်မရောမြို့နယ် ကော့ဒွန်းကျေးရွာမှ ပျားတောင်ဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးက ပြောပါသည်။

၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေပါ လယ်ယာမြေဟူသော စကားရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ နိမြေ၊ ဥယျာဉ်မြေဟူ၍သော်လည်းကောင်း၊ ဟင်းသီးဟင်းရွက် ပန်းမန်စိုက်ပျိုးသည့် ခြံမြေဟူ၍သော်လည်းကောင်း၊ မြေနုကျွန်းမြေဟူ၍သော်လည်းကောင်း သတ်မှတ်ထားသည့် မြေများကို ဆိုလိုသည်။ ယင်းစကားရပ်တွင် မြို့နယ်နိမိတ်၊ ကျေးရွာနယ်နိမိတ်အတွင်းရှိ လူနေအိမ်များ၊ ဘာသာရေး အဆောက်အဦးနှင့် ပုရဂုဏ်များ၊ အများပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

▲ စာမျက်နှာ ၁၁ သို့

▲ စာမျက်နှာ – ၁၀ မှ အဆက်

လယ်ယာမြေလုပ်ပိုင်ခွင့်တွင် မြေပေါ်မြေအောက်ရှိ ကျောက်မျက်၊ သတ္တု၊ ရေနံနှင့် ဓာတ်ငွေ့စသည့် သဘာဝသယံဇာတများ ထုတ်ယူအသုံးပြုခွင့် မပါဝင်ပါ။ အထက်ပါ ဥပဒေဖွင့်ဆိုချက်အရ နိုင်ငံတော်သည် လယ်ယာမြေသာမက သဘာဝသယံဇာတအားလုံး၏ ပင်ရင်းမူလပိုင်ရှင်ဖြစ်ပြီး လယ်သမားများအပါအဝင် ဥယျာဉ်ခြံ၊ တောင်ယာ၊ နှစ်ရှည်အစရှိသည့် မြေများကို အသုံးပြုပြီး လုပ်ကိုင်နေသူအားလုံးသည် ပိုင်ရှင်များမဟုတ်ဘဲ လုပ်ပိုင်ခွင့် ရနေသူများသာ ဖြစ်သည်။

ဎင်းအပြင် အဆိုပါအကန့်အသတ်နှင့်သာရှိသော လယ်ယာမြေလုပ်ကိုင်ခွင့်တွင်ပင် အမျိုးသမီးများနှင့်ပတ်သက်၍ ဘောင်ခတ်ကန့်သတ်မှုများ ရှိနေသေးသည်။ ၂၀၁၂ လယ်ယာမြေဥပဒေအရ လယ်ယာမြေ မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ကို ပုံစံ (၇) ဖြင့် ခွင့်ပြုထားပြီး အဆိုပါပုံစံ (၇) ကို အများအားဖြင့် အိမ်ထောင်ဦးစီးများကိုသာ ထုတ်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးအများစု၏ နိုင်ငံသားစိစစ်ရေးကဒ်ပြားများ၏ အလုပ်အကိုင်နေရာတွင် မှီခို ဟုသာ ဖော်ပြထားသဖြင့် အမျိုးသားများကို အိမ်ထောင်ဦးစီးဖြစ်စေကာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အလိုအလျောက်ရရှိစေသည်။

'ဥပဒေအရ မခွဲခြားဘူးဆိုပေမယ့်လည်း ဥပဒေက အမျိုးသမီးတွေရဲ့ လုပ်ပိုင်ခွင့်တွေကို မြှင့်တင်ပေးတဲ့ အနေအထားမျိုးမရှိဘူး။ တည်ဆဲဥပဒေအားလုံးနီးပါးက အဲလိုတွေချည်းပဲ။ ကျေးရွာတွေမှာ မြေအရင်းအမြစ်တွေကို ဘယ်လိုစီမံခန့်ခွဲမလဲလို့ ရပ်ကွက်အဆင့်မှာ ဆွေးနွေးရင် အမျိုးသမီးတွေက ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ဝင်ပါလို့မရဘူး။ ဒါတွေက အားနည်းချက်တွေပါ။ ခြုံပြီးပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ အမျိုးသမီးတွေရဲ့ လုပ်ပိုင်ခွင့်တွေ ဦးဆောင်ခွင့်တွေ ပါဝင်ဆုံးဖြတ်ခွင့်တွေကို ဥပဒေပြုပြီးတော့ စနစ်တကျဖော်ထုတ်မထားဘူးဆိုရင် အမျိုးသမီးတွေရဲ့ လုပ်ပိုင်ခွင့်တွေကို ဘယ်တော့မှ မြှင့်တင်နိုင်မှာ မဟုတ်ဘူး' ဟု အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးအဖွဲ့က အဖွဲ့ဝင်အမျိုးသမီးတစ်ဦးက ပြောပါသည်။

တိုင်းရင်းသားဒေသများတွင်လည်း အိမ်ထောင်စုအတွင်း မြေယာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများကို ပါဝင်ခွင့်မပြုသည့် အခြေအနေများရှိနေသည်ကို တွေ့ရှိနေရသည်။ မိမိအိမ်ထောင်စုတွင်ပင် ပါဝင်ခွင့်မရလျှင် အခြားရပ်ကျေး၊ မြို့နယ်၊ ခရိုင်၊ တိုင်းနှင့် ပြည်နယ်အဆင့်ကို ကိုယ်စားပြုရန် ပိုမိုဝေးကွာနေဦးမည်ဖြစ်သည်။ အချို့ဒေသများ အထူးသဖြင့် ချင်းပြည်နယ်တွင် အမျိုးသမီးများအနေဖြင့် မြေယာစီမံခန့်ခွဲမှု မရရှိနိုင်သည်သာမက မြေယာအမွေ ဆက်ခံခွင့်ကိုပင် ရိုးရာထုံးတမ်းအစဉ်အလာအရ တားမြစ်ခြင်း ခံနေရသည်။

မြန်မာနိုင်ငံ၏ လယ်ယာမြေဥပဒေများ၊ မြေယာနှင့် စိုက်ပျိုးရေးဆိုင်ရာ ဥပဒေနှင့် မူဝါဒများတွင် ကျားမတန်းတူညီမှုကို ထည့်သွင်းစဉ်းစားရေးဆွဲထားခြင်း မရှိသည့်အပြင် ခေတ်အဆက်ဆက် ကျင့်သုံးလာခဲ့သော ရိုးရာလေ့ထုံးတမ်းများကလည်း အမျိုးသမီးများကို ဘောင်ခတ်ကန့်သတ်ထားခဲ့သည်။ အဆိုပါကန့်သတ်မှု၏ အကျိုးဆက်မှာ အမျိုးသမီးများအနေဖြင့် ခင်ပွန်းသည် သေဆုံးသည်ဖြစ်စေ၊ ကွာရှင်းပြတ်စဲသည်ဖြစ်စေ မြေယာပိုင်ဆိုင်ခွင့်ကို လက်လွှတ်ဆုံးရှုံးကြရသည်။

လေ့ထုံးတမ်းများသည် တစ်ဦးတစ်ယောက်၊ အိမ်ထောင်တစ်စု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်စုအတွက် သတ်မှတ်ထားသော်လည်း ဥပဒေဟူသည် အများနှင့်ဆိုင်သော လူအားလုံး နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သော အရာဖြစ်သည်။ နိုင်ငံသားတို့၏ ကောင်းကျိုးချမ်းသာအတွက် ရည်ရွယ်ပြီး ထုတ်ပြန်ထားသည့် မည်သည့်ဥပဒေကိုမဆို ပြည်သူအများက လေးစားလိုက်နာကြမည်သာ ဖြစ်သည်။ ဥပဒေကို လိုက်နာပြီး တရားဥပဒေစိုးမိုးမှုအောက်တွင် နေထိုင်ခြင်းသည် လုံခြုံစိတ်ချမှုအရှိဆုံးဖြစ်သည်။

လယ်ယာမြေလုပ်ကိုင်ခွင့်နှင့် လယ်ယာမြေ အမွေဆက်ခံပိုင်ခွင့်တို့နှင့် ပတ်သက်၍ အမျိုးသမီးများ ကြုံတွေ့ရင်ဆိုင်နေရသော ကန့်သတ်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် ဓလေ့ထုံးတမ်းနှင့် ဥပဒေကို ခွဲခြားနားလည်ပြီး သူ့နေရာနှင့်သူ လိုက်နာကျင့်သုံး လုပ်ဆောင်တတ်ရန် လိုအပ်လှသည်။



# ကျောက်မီးသွေးစီမံကိန်းကြောင့် ဒေသခံပြည်သူများ ခြိမ်းခြောက်ခံနေရ



နိုဝင်ဘာ ၂၃၊ ၂၀၁၇

အာဏာရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဝတ်ကြီးကျေးရွာအုပ်စု၊ သုံးအိမ်ကျေးရွာနှင့် ထုံးတောင်ကျေးရွာကြားတွင် (၁၂၈၀) မဂ္ဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို Toyo-thai Public Company Limited (TTCL) နှင့် ပူးပေါင်း၍ တည်ဆောက်ရန်ကြိုးပမ်းလျက်ရှိရာ အဆိုပါစီမံကိန်းကြောင့် ဒေသခံရွာသူရွာသားက နည်းမျိုးစုံဖြင့် အခြိမ်းခြောက်ခံနေရကြောင်း ၂၀၁၇ နိုဝင်ဘာလ (၂၂) ရက်နေ့တွင် ဘားအံမြို့ သုမေဓါရာမကြားတောရဘုန်းကြီးကျောင်းတွင် ပြုလုပ်သော ကျောက်မီးသွေးစီမံကိန်းကိစ္စ တွေ့ဆုံဆွေးနွေးခြင်းစကားဝိုင်းသို့ တက်ရောက်လာသူများက တင်ပြပြောဆိုခဲ့သည်။

'စီမံကိန်းလုပ်မယ်လို့ ကြားပြီးနောက်ပိုင်းမှာ အစိုးရ၊ ရဲ၊ မြေစာရင်း အဝင်အထွက်များလာတယ်။ အဲလိုအဝင်အထွက်များတာကို ကျွန်တော်တို့က ဓာတ်ပုံရိုက်မှတ်တမ်းတင်တာပေါ့။ အဲဒါကို သူတို့တွေ့တော့ ကျွန်တော်တို့ဖုန်းကိုယူပြီး ရိုက်ထားတဲ့ပုံတွေကို ဖျက်ခိုင်းတယ်။ ဒေသခံတွေက သိပ်ပြီးလွတ်လွတ်လပ်လပ်မရှိဘူး။ ဗမာစကားလည်း ရေရေလည်လည် မပြောတတ်တော့ ဥပဒေနဲ့ခြိမ်းခြောက်ရင် တစ်ခုခုလုပ်ရင် တစ်ခုခုပြောလိုက်ရင် အဖမ်းခံရမလားဆိုတဲ့ ကြောက်စိတ်တွေ အတွေးတွေ ဝင်နေကြတယ်'ဟု ထုံးတောင်ကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ စောထူးက ပြောပါသည်။

ကျောက်မီးသွေးစီမံကိန်းကို အလိုမရှိကြောင်း ပြသသည့်အနေဖြင့် ဒေသခံများက ၂၀၁၇ ဇူလိုင်လ (၃၀) ရက်နေ့တွင် ကျောက်မီးသွေးအလိုမရှိ ဆိုင်းဘုတ်များ ကျေးရွာအတွင်း စိုက်ထူခဲ့ကြသည်။ သို့သော် ဆိုင်းဘုတ်စိုက်ထူပြီး (၂) ရက် အကြာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လက်နက်ကိုင်ဆောင်လာသော ရဲတပ်ဖွဲ့ဝင်များက ကျေးရွာသို့ ရောက်ရှိလာပြီး အဆိုပါ ဆိုင်းဘုတ်များကို ဖြုတ်ချခဲ့ကြသည်။ ဒေသခံများက မေးမြန်းသည့်အခါ အထက်အမိန့်အရ ဖြုတ်ချခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဧင်းအပြင် ၂၀၁၇ ဩဂုတ် (၂၀) ရက်နေ့တွင် မြေစာရင်းဌာနနှင့် ရဲတပ်ဖွဲ့ဝင်များက ကျေးရွာသို့ ရောက်ရှိလာပြီး ရွာသူရွာသားများအား လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ (၇) ကို ထုတ်ပေးရန် တောင်းဆိုခဲ့သည်။ ရွာသူ၊ ရွာသားများက ဖြစ်စဉ်အကြောင်းအရာကို သေချာနားလည်သိရှိခြင်းမရှိသဖြင့် မြေတိုင်းတာခြင်းလုပ်ငန်းကို ဆိုင်းငံ့ပေးရန် တောင်းဆိုသည့်အခါ ပုံစံ (၇) ကို ထုတ်မပေးပါက ဝတ္တရားနှောင့်ယှက်မှုဖြင့် ရွာသူရွာသားများကို ထောင်ချနိုင်ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ခြိမ်းခြောက် ပြောဆိုခဲ့သည်။

'ဒီဒေသကို အရပ်ဘက်အဖွဲ့အစည်းတွေ ကျောက်မီးသွေးကောင်းကျိုးဆိုးကျိုးတွေအကြောင်း သင်တန်းလာပေးတုန်းကလည်း မြို့နယ်အုပ်ချုပ်ရေးမှူးက တားတယ်၊ ပေးမလုပ်ဘူး။ အထက်က အမိန့်တဲ့။

▲ စာမျက်နှာ ၁၆ သို့

## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

▲ စာမျက်နှာ – ၁၂ မှ အဆက်



# ကျောက်မီးသွေးစီမံကိန်းကြောင့် ဒေသခံပြည်သူများ ခြိမ်းခြောက်ခံနေရ

နောက်တစ်ခါ နိုဝင်ဘာ (၆) ရက်နေ့ ကျောက် မီးသွေးဆုတောင်းပွဲ လုပ်တုန်းကလည်း အထက်အမိန့်ကြောင့် လုပ်လို့မရဘူးတဲ့။ ဘာပဲ လုပ်လုပ် အထက်အမိန့်နဲ့ပဲ ကျွန်တော်တို့ကို အကြိမ်ကြိမ်ခြိမ်းခြောက်နေတယ်’ဟု ထုံးတောင်ကျေးရွာမှ စောထူးက ပြောပါ သည်။

ကျောက်မီးသွေးစီမံကိန်းနှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး စဉ်တွင် (TTCL) မှ တာဝန်ရှိသူများက အင်္ဂလိပ်ဘာသာနှင့် မြန်မာဘာသာစကားများကိုသာ ရောနှောပြောဆိုခဲ့သဖြင့် ဒေသခံ ပြည်သူများက ဆိုလိုရင်းကို ရှင်းရှင်းလင်းလင်း နားလည်ခြင်းမရှိကြောင်း ဝတ်ကြီးကျေးရွာမှ စောအောင်သိန်းဦးက ပြောပါသည်။ တွေ့ဆုံပွဲတွေလည်း (၂) ခါ၊ ၃ (ခါ) လောက်ရှိပြီ လုပ်နေတာ။ ပွင့်လင်းမြင်သာမှုရှိတဲ့ အနိုင်ကျင့်ခြိမ်းခြောက်မှုမရှိတဲ့ ရှင်းလင်းပွဲဖြစ်စေချင်တယ်။ ဒေသခံတွေနဲ့ တွေ့ဆုံပွဲလုပ်ရင် သူတို့နားလည်နိုင်တဲ့ ဘာသာစကားကို ပြောပေးနိုင်ရင် ပိုအဆင်ပြေတယ်’ ဟု ကရင်ပွင့်လင်းအုပ်စုအသင်းအဖွဲ့မှ ညှိနှိုင်းရေးမှူး ဦးမောင်ကိုက ပြောပါသည်။

TTCL ကုမ္ပဏီသည် ယခင်က မွန်ပြည်နယ် ရေးမြို့နယ် အံ့ဒင်ကျေးရွာတွင် ကျောက်မီးသွေးစီမံကိန်း တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ ရေးထိုးပြီး လုပ်ပိုင်ခွင့်ရရှိခဲ့သော်လည်း ဒေသခံပြည်သူများ၏ အပြင်းအထန် ကန့်ကွက်ဆန္ဒ ဖော်ထုတ်မှုများကြောင့် စီမံကိန်းကို အကောင်အထည်ဖော်ခွင့် မရရှိခဲ့သဖြင့် ယခုကဲ့သို့ ကရင်ပြည်နယ်သို့ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

‘ဒီအစိုးရက ကျွန်တော်တို့က ဗဟုသုတနည်းလို့ ဒီစီမံကိန်းကို လက်မခံတာလို့ ထင်နေတယ်။ ဒါဆို ဗဟုသုတများတဲ့အံ့ဒင်ဘက်က ဘာကြောင့်လက်မခံဘဲ မောင်းထုတ်ခဲ့သလဲ။ ကျွန်တော်တို့ ဒေသခံတွေ ဘယ်နည်းနဲ့မှ လက်မခံနိုင်ဘူး။ ... အံ့ဒင်ကနေ လက်မခံလို့ မောင်းထုတ်တာကို ကျွန်တော်တို့က လက်ခံရမှာလား။ ကျွန်တော်တို့ ဆက်ပြီးတော့ ကန့်ကွက်သွားမယ်’ ဟု စောထူးက ဆက်ပြောပါသည်။

ကျောက်မီးသွေးစီမံကိန်းကိစ္စ ဆွေးနွေးပွဲများတွင်လည်း လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်မရဘဲ လူတစ်ဦးလျှင် မေးခွန်းတစ်ခုသာ မေးမြန်းခွင့်ပြုကြောင်း ဒေသခံများက ပြောပါသည်။ ၁၂၈၀ မဂ္ဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် TTCL ကုမ္ပဏီသည် ကရင်ပြည်နယ်အစိုးရနှင့် ၂၀၁၇ ခုနှစ်တွင် ဖြစ်နိုင်ခြေဆန်းစစ်မှု နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီး အဆိုပါစက်ရုံတွင် အလွန်သန့်ရှင်းသော ကျောက်မီးသွေးနည်းပညာကို အသုံးပြုမည်ဟု ပြောဆိုထားသည်။ စက်ရုံအတွက် လိုအပ်သော ကျောက်မီးသွေးကို အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းမည်ဟု သိရပြီး စီမံကိန်းကို ၂၀၁၈ မှ ၂၀၂၀ အတွင်း အပြီးတည်ဆောက်သွားမည်ဟု လျာထားသည်။

• • • • •